"လှပသောယူနန်"

# အရပ်ရှစ်မျက်နှာမှခရီးသွားဧည့်သည်များ ယူနန်အလှကိုချီးမွမ်း

ယခုရက်ပိုင်းယူနန်ပြည်နယ်ပါတီကော်မတီ၊ပြည်နယ်ပြည်သူ့အစိုးရတို့က တိကျစွာအဆိုပြုခဲ့သည်။ ယူနန်ပြည်နယ်ကို တရုတ်နိုင်ငံအလှပဆုံးပြည်နယ်ဖြစ်အောင် တည်ဆောက်မည်ဖြစ်ကြောင်း၊ ဤအဆိုပြုချက်မှာ ဂေဟယဉ်ကျေးမှုအတွေးအခေါ်၊ တစ်နိုင်ငံလုံးဇီဝဂေဟစနစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် တရုတ်သမ္မတရှီကျင့်ဖျင်၏လမ်းညွှန်ချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းပင်ဖြစ်ပြီး၊ ယူနန်ပြည်နယ်၏ လက်တွေ့အခြေအနေနှင့် အနာဂတ်ဖွံ့ဖြိုးမှုအပေါ်အခြေခံသည့် ကြီးမားသောဆုံးဖြတ်ချက် အခင်းအကျင်းလည်းဖြစ်သည်။

ဇူလိုင်လတွင် ပူပြင်းသောနွေရာသီကာလဖြစ်နေပါသည်။ တရုတ်နိုင်ငံတစ်ဝှမ်းဒေသအတော်များများမှာ "အပူပြင်းဆုံး"ရာသီရောက်ရှိသည့် အချိန်အခါဖြစ်နေပါသည်။ ယူနန်အေးမြသောရာသီကမူ အရပ်ရှစ်မျက်နှာမှခရီးသွားဧည့်သည်များကို ဆွဲဆောင်လျက်ရှိနေပါသည်။ သူတို့သည် ယူနန်အပေါ်အရူးအမူးဖြစ်နေကြသည့်အပြင် ယူနန်အား တရုတ်နိုင်ငံ အလှပဆုံးပြည်နယ်တည်ဆောက်ရေးအပေါ် မျှော်လင့်ချက်အပြည့်ရှိကြပါသည်။

"ထိန်ချုံးသို့ရောက်ရှိသည်နှင့် အေးမြသောလေသန့်လေကောင်း၊ ထူထပ်သောသစ်ပင်ပန်းမန်များနှင့် တသွင်သွင်စီးဆင်းနေပြီးကြည်လင်သည့်ချောင်းကလေးများမှထွက်ပေါ်လာသော 'သဘာဝဂေဟ'အရသာသည် ကျွန်မ၏စိတ်ကို ဆွဲဆောင်နေပါသည်။"ဟု ထိန်ချုံးမီးတောင်နိုင်ငံတော်ဘူမိဗေဒဥယျာဉ်ထဲသို့ လေ့လာကြည့်ရှုနေသော ကွေကျုံခရီးသွားရှွင်ရင်ရင်သည် စိတ်လှုပ်ရှားစွာဖြင့် ဓာတ်ပုံများကိုရိုက်ကူးပါသည်။ ကောင်းမွန်စွာကာကွယ်ထိန်းသိမ်းခြင်းဖြင့်အဆိုပါ "ဂေဟအလှတရား"များကို ဆက်လက်ရှင်သန်နေစေမည်ဟု ရှွင်ရင်ရင်က ထင်မြင်ယူဆပါသည်။ ထို့နည်းအတူ သဘာဝဂေဟစနစ်နှင့် ခရီးသွားလုပ်ငန်းကို ကောင်းမွန်စွာ ပေါင်းစပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်းအတွက် ခွန်အားဗလအသစ်များကိုဖြစ်ထွန်းစေပြီး အနယ်နယ်အရပ်ရပ်မှခရီးသွားဧည့်သည်တော်များကို ယူနန်၏ အလှတရားများလာရောက်ခံစားနိုင်အောင်ဆွဲဆောင်နေပါသည်။





သန့်ရှင်းသောလမ်းများ၊ ကြည်လင်သောရေများ၊ သပ်ရပ်သန့်ရှင်းသောအစိမ်းရောင်အပင်စိုက်ပျိုးခြင်းများစသည်တို့သည် စန်ရှီခရီးသွားဧည့်သည်ချမ်ဝမ်ချင်မိသားစုတစ်စုမှ ချူရှုံပြည်နယ်ခွဲတာရောင်သို့ရောက်ရှိခြင်း၏ ခံစားချက်ပင်ဖြစ်သည်။ "တာရောင်မြို့အတွင်းတွင်ရှိသောတာရောင်စေတီဖြူသည် ယဉ်ကျေးမှုအနှစ်သာရများစွာပါရှိသည်။ မြို့နားဘေးတွင်ရှိသော ရှေးကျေးရွာများသည်လည်း အလှတရားတစ်မျိုးပိုင်ဆိုင်နေသည်။"ဟု ချမ်ဝမ်ချင်ကပြောကြားသွားပါသည်။

"ကျွန်တော့်အတွေးထဲမှာ ထင်မြင်ထားတဲ့ တရုတ်နိုင်ငံကျေးလက်တောရွာနှင့်လုံးဝမတူပါဘူး။"ဟု ဇူလိုင်(၂၃)ရက်နေ့ တရုတ်ပြည်သူ့တက္ကသိုလ်ဂျော်ဒန်နိုင်ငံ ပညာတော်သင်ကျောင်းသားမီရနှင့် သူငယ်ချင်းမိတ်ဆွေများက ဝေစီလီဆူတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်ယုံချွန်ကျေးရွာအုပ်စု ချင်ဖူရွာတိုစန်ရွာအဖွဲ့သို့ ရောက်ရှိလာကြသည်။ အဆိုပါအိမ်ရာရွှေ့ပြောင်းနေထိုင်သောလီဆူကျေးရွာသည် လူအများအားတရုတ်နိုင်ငံကျေးရွာအပေါ် ရှေးအမြင်များကို လုံးဝပြောင်းလဲစေသည်။

(၂၀၁၅)ခုနှစ် နှစ်ကုန်ပိုင်းအချိန်တွင် တရုတ်နိုင်ငံတော်မှဆင်းရဲနွမ်းပါးမှုပပျောက်ရေးလုပ်ငန်းများကို အသေးစိတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ စန်တုံကျေးရွာအဖွဲ့ရွာသူရွာသားတို့သည် အဆိုပါအခွင့်အလမ်းကို အရယူလိုက်ပြီး(၁၄)လတာအချိန်ကာလဖြင့် နေအိမ်ရွှေ့ပြောင်းပြီးတည်ဆောက်ခြင်းများ၊ အခြေခံအဆောက်အဦးများကို ပိုမိုကောင်းမွန်အောင်တည်ဆောက်ခြင်းနှင့်ထုတ်လုပ်ရေးလုပ်ငန်းများ နေရာချထားခြင်းများကို ပြီးဆုံးအောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ "အဆောက်အဦးများကို ညီညာစွာစီမံတည်ဆောက်ထားသည်။ အိမ်ခြံတွင်ငှက်ကလေးများနှင့် သာယာစွာရင်ကျူးပြီး ပန်းမန်များသင်းပျံ့စွာပွင့်ဖူးလျက်ရှိပါသည်။ အသီးပင်များအသီးသီးနေကြသည်။"ဟု မီရနှင့်သူငယ်ချင်းမိတ်ဆွေများက သူတို့မြင်တွေ့ခဲ့သောတုံစန်ရွာကို သရုပ်ဖော်ကြသည်။ အဆောက်အဦးများကိုကုန်းလျှောပေါ်တွင်တည်ဆောက်သည်ကို မြင်တွေ့ရသည်။ နေအိမ်ခြံဒီဇိုင်းများကိုကြည့်ခြင်းဖြင့် အိမ်ပိုင်ရှင်၏အကြိုက်ကိုခန့်မှန်းနိုင်သည်။ ပီအိုနီပန်းကလေးသည်ထံရံအပြင်သို့ "ထွက်နေသည်" Succulent အပင်များစွာဖြင့်တန်ဆာဆင်သော ရှုခင်းရှုကွက်ဖော် အလှစိုက်ပန်းအိုးကိုလည်းမြင်တွေ့ရသည်။ ကျေးရွာထဲတွင် ဘလူဗယ်ရီသီးများ၊ ချယ်ရီသီးများနှင့်တရုတ်တိုင်းရင်းဆေး ဘယဆေးရွက်များကို စနစ်တကျစိုက်ပျိုးနေသည်ကိုလည်း သိရသည်။ ဒေသအတွင်းတွင်စိုက်ပျိုးရေးနှင့်ခရီးသွားလာရေး တသားတည်းပေါင်းစပ်ထားခြင်း၊ ထုတ်လုပ်ရေးနှင့်ကျေးရွာပူးတွဲဖွံ့ဖြိုးတိုးတက်မှုစနစ်များကို သိရှိခွင့်ရသည့်အခါမီရနှင့် သူ့မိတ်ဆွေတို့အံ့အားသင့်ကြသည်။ ကျေးရွာ၏ပတ်ဝန်းကျင်သည်သာယာလှပပေသည်။ ကျေးရွာအတွင်းပြည်သူလူထု၏ စီးပွားရာလမ်းကြောင်းသည်လည်း စနစ်ကျပါသည်။ ယူနန်ကျေးရွာများသည် ဒီထက်မကပိုမိုလှပလာမည်မှာ ဧကန်မုချပင်ဖြစ်ပေသည်။

ယူနန်နေ့စဉ်သတင်း

"တခါးဖွင့်ပြုပြင်ပြောင်းလဲမှုမူဝါဒကျင့်သုံးသည့် အနှစ်(၄၀)ပြည့်ခရီး"

# နိုင်ငံတကာသယ်ယူပို့ဆောင်ခြင်း "ဆွဲဆောင်မှုများဖြာထွက်လျက်ရှိသည်"

လွန်ခဲ့သောရက်ပိုင်းက သစ်ပင်ပန်းပင်ထူထပ်သော အပူပိုင်းမိုးသစ်တောရှုခင်းများကိုကြည့်ရှုပြီး သတင်းထောက်သည် တရုတ်-လာအိုနှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက်ရှိ တရုတ်နိုင်ငံယူနန်ပြည်နယ်မိုင်းလား(မော်ဟန်)နိုင်ငံတော်အဆင့်ဖွံ့ဖြိုးတိုးတက်မှု အလေးပါစမ်းသပ်မှုဇုန်သို့ရောက်ရှိသည်။ နယ်စပ်စစ်ဆေးရေးဂိတ်တွင် ခရီးသည်များသည် စနစ်တကျဖြတ်သန်းသွားလာလျက်ရှိပါသည်။ စစ်ဆေးရေးဂိတ်တွင် ကိုယ်ပိုင်ကားများ၊ ကုန်တင်ကားများနှင့်ခရီးသွားတင်ယာဉ်များက များစွာမရပ်မနားဖြတ်သန်းသွားလာနေကြသည်။

မော်ဟန်မြို့နယ် ဟွေကျင်လီရွာမှ ရွာသားတစ်ဦးက သတင်းထောက်ကိုထိုကဲ့သို့ပြောပြသည်။ တခါးဖွင့်ပြုပြင်ပြောင်းလဲမှုမူဝါဒမကျင့်သုံးမီ မော်ဟန်သည် လူသိနည်းသောမြို့နယ်ကလေးတစ်ခုသာဖြစ်သည်။ ၁၉၉၀ခုနှစ်ဝန်းကျင်ရောက်မှသာ မော်ဟန်ဂိတ်ကို တရားဝင်ဖွင့်လှစ်ပေးပြီး ဖြည်းဖြည်းချင်းစည်ကားလာပါတော့သည်။

တောင်ဘက်သို့ကူမင်း-ဘန်ကောက်ကုန်းလမ်းမကြီးအတိုင်းသွားသော် လာအိုနိုင်ငံဟွေ့ဆိုင်ဖီအာလွန်အဝေးပြေးဂိတ်သို့ရောက်ရှိခဲ့သည်။ တရုတ်နိုင်ငံနယ်အသီးသီးမှ ရောက်ရှိလာသောခရီးသွားဧည့်သည်တော်များသည် သတင်းထောက်နှင့်တွေ့ဆုံမိသည်။ သေးငယ်သောအဝေးပြေးဂိတ်သည် အလွန်စည်ကားလှပေသည်။ (၂၀၁၃)ခုနှစ်တွင် မဲခေါင်မြစ်ဝှမ်းပေါ်တွင်ရှိ ဟွေ့ဆိုင်တံတားကြီးတည်ဆောက်ရေးပြီးစီးခဲ့သည်။ မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်သည်။ ကူမင်း-ဘန်ကောက် ကုန်းလမ်းမကြီးသည် သွားလာရေးချိတ်ဆက်မှုကို အစွမ်းကုန်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ နိုင်ငံတကာကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း ဖြည်းဖြည်းချင်းတိုးတက်လာသည်။ ကူမင်း-ဘန်ကောက်ကုန်းလမ်းမကြီး သွားလာရေးအဆင်ပြေချောမွတ်ပြီး အနာဂတ်တွင် လမ်းတလျှောက်ရှိ ခရီးသည်သွားလာရေး၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကိုလည်းဖြစ်ထွန်းစေသည်။ တရုတ်နိုင်ငံသယ်ယူပို့ဆောင်ရေး ကုမ္ပဏီကြီးများ "ပြည်ပသို့ဈေးကွက်တိုးချဲ့ရန်"ကို လည်းဆွဲဆောင်နေပါသည်။ ၎င်းအနက်ယူနန်ရွှေဒေါင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအဖွဲ့လည်းပါဝင်ပါသည်။

"(၂၀၁၁)ခုနှစ်တွင် ယူနန်ရွှေဒေါင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအဖွဲ့လက်တွင်ရှိသောလာအိုနိုင်ငံ ရွှေဒေါင်းသယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုကုမ္ပဏီလီမိတက်သည် ဟွေ့ဆိုင်တွင် အခြေချခဲ့သည်။ နိုင်ငံတကာကုန်စည်များသယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်းစသည့်လုပ်ငန်းများကို အဓိကလုပ်ဆောင်သည်။" ဟု အဆိုပါကုမ္ပဏီဒုတိယမန်နေဂျာရန်ယုံရှင်က ပြောသည်။ (၂၀၁၆)ခုနှစ်တွင် ၎င်းကုမ္ပဏီနှင့်လာအိုဟွေ့ဆိုင်ဖီအာလွန် အဝေးပြေးဂိတ်တို့အကျိုးတူပူးပေါင်းပြီး ယူနန်သို့ထွက်ခွာသောကားလိုင်းကို ဖွင့်လှစ်ပြေးဆွဲလိုက်သည်။ အဆိုပါကားလိုင်းတည်ထောင်လိုက်ခြင်းသည် ကုန်စည်များသယ်ယူပို့ဆောင်ရေး၊ ခရီးသွားဧည့်သည်များသွားလာရေးအတွက် အဆင်ပြေချောမွတ်စေသည်သာမက ခရီးသွားလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ထွန်းစေပါသည်။

တခါးဖွင့်ပြုပြင်ပြောင်းလဲမှုမူဝါဒကျင့်သုံးပြီးနောက် ယူနန်နိုင်ငံတကာကုန်းလမ်း သယ်ယူပို့ဆောင်ရေးသည်လည်း ကဏ္ဍအသစ်တစ်ရပ်သို့ ရောက်ရှိနိုင်ခဲ့သည်။ (၁၉၉၃)ခုနှစ်တွင် တရုတ်-လာအိုနှစ်နိုင်ငံသည် မော်တော်ယာဉ်သယ်ယူပို့ဆောင်ရေးသဘောတူညီချက်ကိုလက်မှတ်ရေးထိုးခဲ့ကြသည်။ နှစ်ပေါင်း(၂၀)ကျော်အတွင်းတွင် ယူနန်၏လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အဦးများ ပိုပြီးပြည့်စုံလာသည်။ ခရီးသွားမော်တော်ယာဉ်ပြေးဆွဲမှုနှုန်းထားများ အမြဲမြင့်တင်လျက်ရှိသည်။ စီမံခန့်ခွဲမှုအုပ်ချုပ်ရေးဝန်ဆောင်မှုအရည်အသွေးများ မြင့်တက်လာသည်။ ဌာနအချင်းချင်းညှိနှိုင်းဆွေးနွေးမှုများလည်း ပိုမိုပြေလည်လာပါသည်။ တရုတ်နိုင်ငံနှင့်ဘေးအိမ်နီးချင်းနိုင်ငံများအကြား နှစ်ဦးနှစ်ဖက်ဆက်ဆံရေးနှင့် ပေါင်းစုံဆက်ဆံရေးမြှင့်တင်ရေးနှင့်ချစ်ကြည်ရင်းနှီးသော ကူးလူးဆက်ဆံရေးကို ပိုမိုဖြစ်ထွန်းစေပါသည်။

ယခုအချိန်ထိတိုင် ယူနန်နှင့်ဘေးအိမ်နီးချင်းနိုင်ငံများအကြား ကုန်းလမ်းနယ်စပ်ဂိတ်(၁၈)ခု ဖွင့်လှစ်ထားပါသည်။ တရုတ်-ဗီယက်နမ်၊ တရုတ်-လာအို အပြည်ပြည်ဆိုင်ရာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလမ်းကြောင်း (၂၈)ကြောင်းကိုဖွင့်လှစ်ပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသော လုပ်ငန်းရှင်(၁၃၆)ဦးရှိသည်။ သယ်ယူပို့ဆောင်ပေးသောမော်တော်ကားအစီးရေစုစုပေါင်း(၆၈၁၀)စီးရှိသည်။ အခြေခံအပြည်ပြည်ဆိုင်ရာသယ်ယူပို့ဆောင်မှုကွန်ရက်ကြီးကို တည်ဆောက်နိုင်ခဲ့သည်။ ယူနန်နှင့်ဘေးအိမ်နီးချင်းနိုင်ငံအကြား အပြည်ပြည်ဆိုင်ရာ ခရီးသည်ပို့ဆောင်ရေးသည် လူဦးရေသန်းပေါင်း(၂.၅၂၆)ရှိပြီး အပြည်ပြည်ဆိုင်ရာ ကုန်စည်သယ်ယူပို့ဆောင်မှုသည် တန်ချိန်သန်းပေါင်း(၇.၃၃၆၃)ရှိပါသည်။ သတင်းထောက် လီချိန်ဟန်